# GMS ခေတ်မီကုန်စည်စီးဆင်းမှုလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကူမင်းမြို့တွင်ကျင်းပ

ဇွန်လ(၁၂)ရက်နေ့တွင် မဟာမဲခေါင်ဒေသခွဲ (GMS)ခေတ်မီကုန်စည်စီးဆင်းမှုကုန်ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်နှင့် GMSကုန်စည်စီးဆင်းမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ (၄)ကြိမ်မြောက် အစည်းအဝေးကို ကူမင်းမြို့တွင် ကျင်းပခဲ့သည်။

ယူနန်ပြည်နယ် အစိုးရမှပါတီကော်မတီအဖွဲ့ဝင် ကောင်စုရှင်းသည် ယင်းဖိုရမ်သို့တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ ၎င်းက နှစ်ပေါင်းများစွာ ကြိုးစားခြင်းအားဖြင့် ယူနန်ပြည်နယ်သည် ဒေသတွင်း နိုင်ငံတကာကုန်စည်စီးဆင်းမှု၏ အချက်အချာကျသည့် အခန်းထဲပါဝင်နေပုံမှာ ထင်ရှားသထက်ထင်ရှားလာလျက်ရှိကြောင်း၊ မဟာမဲခေါင်ဒေသခွဲရှိနိုင်ငံများနှင့် ဆတက်ထမ်းပိုးတိုးပူးပေါင်းဆောင်ရွက်ပြီး အကျိုးတူအနိုင်ရရှိရန်အတွက် ကောင်းမွန်သော အခြေခံအုတ်မြစ် ချမှတ်နိုင်ခဲ့ကြောင်း၊ မဟာမဲခေါင်ဒေသခွဲရှိ နိုင်ငံအသီးသီးတို့၏ လူမှုစီးပွား အဆက်မပြတ်တိုးတက်၍ အခြေခံအဆောက်အအုံများ တစ်နေ့တစ်ခြား ပြီးပြည့်စုံလာသည်နှင့်အမျှ နယ်စပ်ဖြတ်ကျော်ကုန်စည်စီးဆင်းမှု၏ လိုအပ်ချက်မှာလည်း တစ်နေ့တစ်ခြား ထင်ရှားလာပြီး စီးပွားရေးနှင့်ကုန်သွယ်ရေးအရ ယူနန်နှင့်ပူးပေါင်းဆောင်ရွက်သည်မှာ ပိုမိုရင်းနှီးလာနေကြောင်း၊ လေဟာနယ် အစီအမံကောင်းမွန်လာအောင် အဆက်မပြတ်လုပ်ဆောင်၍ အဆင်ပြေလွယ်ကူစွာ ဂိတ်ဖြတ်ရေး အဆင့်အတန်းမြှင့်တင်ရန်၊ အင်တာနက် +လုပ်ငန်းကို တက်ကြွစွာအကောင်အထည်ဖော်ဆောင်ပြီး စမတ်ကုန်စည်စီးဆင်းရေး စနစ်တည်ထောင်ရန် အကြံပြုကြောင်း၊ ကုန်စည်စီးဆင်းရေးလုပ်ငန်းအသင်းများ၏အခန်းကဏ္ဍကို ဖော်ဆောင်ပြီး ကုန်စည်စီးဆင်းရေးလုပ်ငန်းများကို အတူတကွ ဖွံ့ဖြိုးတိုးတက်ကာ အနာဂတ်အတွက် မဟာမဲခေါင်ဒေသခွဲ ကုန်စည်စီးဆင်းမှု ပူးပေါင်းဆောင်ရွက်ရေးသည် ကြီးမားလှသော ဖွံ့ဖြိုးတိုးတက်မှုစွမ်းအားပုန်းနှင့် လေဟာနယ် ရှိနေသေးသည်ကို ယုံကြည်မိကြောင်း။ GMS ကုန်စည်စီးဆင်းမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီသည် တောင်အာရှကုန်စည်ပြပွဲ၊ ကူမင်းကုန်စည်ပြပွဲဖြစ်သည့် ယင်းစင်မြင့်ကြီးမှတစ်ဆင့် ကုန်စည်စီးဆင်းမှုလုပ်ငန်းများအတွက် တွန်းအားပေး၍ ပိုမိုရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုကွန်ရက်တည်ထောင်ကာ တရုတ်၊ လာအို၊ ထိုင်းသုံးနိုင်ငံတို့မှ ကုန်စည်စီးဆင်းမှုလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်ရေးတွင် အောင်မြင်မှုသစ်ရရှိစေရန် ထူးကဲသော အခန်းထဲပါဝင်နေသည်ကို တွေ့ရသည့်အတွက် အထူးဝမ်းသာမိပါကြောင်း ပြောကြားသွားသည်။

တရုတ်၊ လာအို၊ ဗီယက်နမ်၊ မြန်မာ၊ ထိုင်းစသည့် GMS နိုင်ငံရှိ ကုန်စည်စီးဆင်းမှုလုပ်ငန်းများမှ သက်ဆိုင်ရာပညာရှင်များ၊ လုပ်ငန်းရှင်များ၊ လုပ်ငန်းလုပ်ကိုင်သူများသည် ကောင်းမွန်သော ကုန်စည်စီးဆင်းမှု ပတ်ဝန်းကျင်ဖန်တီးပေးခြင်း၊ ခေတ်မီ ကုန်စည်စီးဆင်းမှုလုပ်ငန်းကို အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ခြင်း၊ Supply chain ပုံစံသစ်ကို အသုံးပြု၍ ခေတ်မီကုန်စည် စီးဆင်းမှုလုပ်ငန်း အဆင့်မြှင့်တင်ရန် အထောက်အကူပြုခြင်း၊ ကုန်စည်စီးဆင်းမှုလုပ်ငန်း၏အခန်းကို ပြည့်ဝစွာ ဖော်ထုတ်၍ နယ်စပ်ဖြတ်ကျော် ကုန်စည်စီးဆင်းမှုလုပ်ငန်းလွယ်ကူအဆင်ပြေစေရန် တွန်းအားပေးခြင်းစသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ လှိုက်လှဲစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းထောက် - ကျန်ယိုဂူ



# တောင်အာရှကုန်စည်ပြပွဲနှင့်ကူမင်းကုန်စည်ပြပွဲတွင် စီမံကိန်း(၂၈၄)ရပ်အတွက် စုပေါင်းလက်မှတ်ရေးထိုး

ဇွန်လ(၁၃)ရက်နေ့နံနက်ပိုင်းတွင် (၄)ကြိမ်မြောက် တောင်အာရှကုန်စည်ပြပွဲနှင့်(၂၄)ကြိမ်မြောက် ကူမင်းကုန်စည်ပြပွဲမှ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် စီမံကိန်းများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကူမင်းတျန်းချီအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပခဲ့သည်။ စီမံကိန်း(၂၈၄)ရပ်အတွက် စုပေါင်းလက်မှတ်ရေးထိုး၍ လက်မှတ်ရေးထိုးသည့်ငွေပမာဏမှာ စုစုပေါင်း ယွမ်(၄၂၂. ၄၇၄)ဘီလီယံရှိသည်။ ယမန်နှစ်ပြပွဲထက် သိသာစွာတိုးတက်နိုင်ခဲ့သည်။ ၎င်းအနက် ပြည်တွင်းပူးပေါင်းဆောင်ရွက်ရန် စီမံကိန်း(၂၅၈)ရပ်အတွက် လက်မှတ်ရေးထိုးသည့်ငွေပမာဏမှာ စုစုပေါင်းယွမ် (၄၀၉. ၀၁၉)ဘီလီယံရှိသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုစီမံကိန်း(၂၃)ရပ်အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ(၁. ၆၃)ဘီလီယံရှိသည်။ နိုင်ငံခြားစီးပွားရေးစီမံကိန်း(၃)ရပ်အတွက် သဘောတူရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း(၄၄၀)ရှိသည်။

ယခုအကြိမ် ကုန်စည်ပြပွဲတွင် လက်မှတ်ရေးထိုးခဲ့သည့်စီမံကိန်းများမှာ ပမာဏကြီးမားလှသည်။ ပြည်တွင်းပူးပေါင်းဆောင်ရွက်ရန်စီမံကိန်းများအနက် ရင်းနှီးငွေပမာဏ ယွမ်(၁၀)ဘီလီယံအထက်ရှိသည့် စီမံကိန်း(၆)ရပ်ရှိပြီး ငွေပမာဏမှာ ယွမ်(၁၀၈. ၉)ဘီလီယံရှိသည်၊လက်မှတ်ရေးထိုးသည့် ငွေပမာဏ၏ ၂၆. ၆%ပါဝင်သည်။ ယွမ်(၅)ဘီလီယံမှ (၁၀)ဘီလီယံအထိ(ယွမ် ၁၀ ဘီလီယံ မပါ)ရှိသည့် စီမံကိန်း(၁၅)ရပ်ရှိပြီး ငွေပမာဏမှာ (၉၄. ၈၆၈)ဘီလီယံရှိသည်၊ လက်မှတ်ရေးထိုးသည့် ငွေပမာဏ၏ ၂၃. ၂%ပါဝင်သည်။ ငွေ (၁)ဘီလီယံမှ (၅)ဘီလီယံအထိ(ယွမ် ၅ ဘီလီယံမပါ)ရှိသည့် စီမံကိန်း(၇၉)ရပ်ရှိပြီး ငွေပမာဏမှာ ယွမ်(၁၅. ၃၉)ဘီလီယံရှိသည်၊ လက်မှတ်ရေးထိုးသည့်ငွေပမာဏ၏ ၃၇. ၆% ပါဝင်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် အမေရိကန်ဒေါ်လာ သန်း(၁၀၀)အထက်ရှိသည့်စီမံကိန်း(၇)ရပ်ရှိသည်။ ထို့အတူ ပြည်သူများ၏ နေထိုင်စားသောက်မှုနှင့်ပတ်သက်သော၊ ယူနန်ပြည်နယ်၏ဝိသေသထူးခြားချက်များကို ဖော်ပြနိုင်သော၊ ယူနန်ပြည်နယ်၏ ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်ရည်မှန်းချက်နှင့်ကိုက်ညီသော၊ ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရန်ပုံစံသစ်နှင့် ပေါင်းစပ်ထားသော စီမံကိန်းတစ်သုတ်သည် ယခုအကြိမ်ပြပွဲတွင် အလေးထားလက်မှတ်ရေးထိုးသည့် စီမံကိန်းများဖြစ်လာခဲ့သည်။




မိတ်ဆက်ခြင်းအရ ယခုနှစ်တွင် ယန်စီမြစ်ဝကျွန်းပေါ်ဒေသ၊ ကျူးကျန်းမြစ်ဝကျွန်းပေါ်ဒေသ၊ ပေကျင်း-ထျန်းကျင်း-ဟိုပေဒေသ၊ ရှန်ဟိုင်း၊ ကွမ်တုံးစသည့် အရေးပါသောပြည်နယ်/မြို့များနှင့်သက်ဆိုင်ရာနိုင်ငံ၊ ဒေသများနှင့် ရင်းနှီးမြှုပ်နှံမှုခေါ်ယူရေး လုပ်ငန်းများဆောင်ရွက်ခြင်းအားဖြင့် ယူနန်ပြည်နယ်သည် ပန်းတိုင်ဒေသများနှင့် ပူးပေါင်းဆောင်ရွက်မှု အဆက်မပြတ်နက်ရှိုင်းလာနေကြောင်း၊ ပန်းတိုင်ဒေသရှိစီးပွားရေးလုပ်ငန်းနှင့်စီမံကိန်းများသည် ယူနန်ပြည်နယ်သို့ လာရောက်ရင်းနှီးမြှုပ်နှံသော ခြေလှမ်းပိုမိုမြန်ဆန်ပြီး အဆက်မပြတ်တိုးတက်လာကြောင်း၊ ပြည်တွင်းပူးပေါင်းဆောင်ရွက်ရန် စီမံကိန်းများအနက် လက်မှတ်ရေးထိုးခဲ့သည့်စီမံကိန်းများမှာပြည်နယ်/မြို့(၂၆)ခုနှင့် ဆက်နွယ်နေကြောင်း၊ ရင်းနှီးငွေပမာဏအရ နံပါတ်(၆)အတွင်း ရပ်တည်သည့်ပြည်နယ်/မြို့များမှာ ပေကျင်း၊ ကွမ်တုံး၊ ကျဲ့ကျန်း၊ ကွမ်ရှီး၊ ကျန်းစူး၊ စီချွမ်းတို့ ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးခဲ့သည့် စီမံကိန်းများမှာ အဓိကအားဖြင့် ဇီဝဆေးဝါးနှင့်ကျန်းမာရေးလုပ်ငန်း၊ ခရီးသွားနှင့်ယဉ်ကျေးမှု၊ သတင်းအချက်အလက်လုပ်ငန်း၊ ခေတ်မီကုန်စည်စီးဆင်းမှု၊ ကုန်းမြင့်ဒေသဝိသေသ ထူးခြားချက်ပါ ခေတ်မီစိုက်ပျိုးရေးလုပ်ငန်း၊ ပစ္စည်းသစ်၊ ခေတ်မီစက်ကိရိယာ ထုတ်လုပ်ရေးလုပ်ငန်း၊ စားသောက်ကုန်နှင့် စားသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်း စသည်တို့ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက် လက်မှတ်ရေးထိုးခဲ့သည့်စီမံကိန်းများမှာ အဓိကအားဖြင့်ပြင်သစ်၊ စင်္ကာပူ၊ သြစတေးလျားစသည့်နိုင်ငံနှင့် တရုတ်ဟောင်ကောင်၊ တိုင်ဝမ်ဒေသတို့မှ လာရောက်ကြခြင်းဖြစ်ကြောင်း၊ ၎င်းအနက် ဟောင်ကောင်သည် ယူနန်ပြည်နယ်ပြည်ပရင်းနှီးမြှုပ်နှံမှု၏ အဓိကကျသောဒေသဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက် လက်မှတ်ရေးထိုးခဲ့သည့်စီမံကိန်းများမှာ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေး၊ ခေတ်မီကုန်စည်စီးဆင်းရေး၊ ကုန်ထုတ်လုပ်ရေး၊ စွမ်းအင်သစ်၊ ခရီးသွားနှင့်ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ထိမ်းသိမ်းရေး၊ သတင်းအချက်အလက်စသည့် နယ်ပယ်များဖြစ်ကြောင်း သိရသည်။

ယူနန်ပြည်နယ်ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ တောင်းလင်ယင်း၊ ဒုတိယပြည်နယ်မှူး တုံဟွာ၊ ယူနန်ပြည်နယ်နိုင်ငံရေးအတိုင်ပင်ခံညီလာခံဒုတိယဥက္ကဋ္ဌယူတင်ချိန်တို့သည် အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ယခုအကြိမ်တောင်အာရှကုန်စည်ပြပွဲကာလအတွင်း ကူမင်း၊ ကျောင်ထုံး၊ ချွေကျင့်၊ ပေါင်စန်း၊ နုကျန်း၊ လင်ချန်းစသည့် ပြည်နယ်ခွဲ/မြို့များတွင်လည်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ခေါ်ယူရန် အထူးလက်မှတ်ရေးထိုးပွဲ အခမ်းအနား၊ ရင်းနှီးမြှုပ်နှံမှုခေါ်ယူရန် မိတ်ဆက်ရှင်းလင်းပွဲ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်ပွဲလှုပ်ရှားမှုများကို သီးခြားစီ ကျင်းပခဲ့ကြောင်း၊ ခန့်မှန်းခြေအရ လက်မှတ်ရေးထိုးခဲ့သည့် ငွေပမာဏမှာ ယမန်နှစ်ကထက် တိုးတက်သွားနိုင်မည်ဖြစ်ကြောင်း သတင်းအရ သိရှိရသည်။

သတင်းထောက် - စူးဝင်